**မြက်ပန်း**

Scientific name - *Pennisetum pedicellatum* Trin.

Common name - Denanath grass

Family - Poaceae




အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံပင်ဖြစ်၍ တစ်နေရာတည်းမှ စုပြုံပေါက်သည်။ ထောင်မတ်သည် သို့မဟုတ် ဘေးသို့ မညီ မညာပြန့်ကားလျက်ပေါက်သည်။ ပင်စည်လုံးဝန်းပြီး ကိုင်းဖြာသည်။ ၃၀ - ၁၅၀ စင်တီမီတာ ရှည်သည်။ အရွက်သည် အမွေးပါပြီး နှစ်တန်းစီ၍ လုံသွားပုံရှိပြီး ရွက်နား ကြမ်းတမ်းသည်။ ပန်းခိုင်သည်ထုလုံးရှည်ပုံ ရှိပြီးသိပ်သည်းသည်။ ပွင့်ညှာမဲ့ပန်းခိုင်ဖြစ်ပြီး ခရမ်းရောင် သို့မဟုတ် ခရမ်းဖျော့ရောင်ရှိသည်။ ရင့်သည့်အခါ အညိုရောင်ပြောင်းသွားသည်။ ပွင့်ခံရွက်အုံအတွင်း ထပ်ဆင့်ပန်းခိုင် ၁ - ၅ ခုအား အစုလိုက် တွေ့ရှိရသည်။ ထပ်ဆင့်ပန်းခိုင်မှာ ၄-၆မီလီမီတာ ရှည်ပြီး အမွေးများစွာဖြင့် ဝိုင်းရံထားသည်။ အစေ့အားဖြင့် မျိုးပွားသည်။